**တေဇေ**

# ၂၀၂၀ ထောက်ရှု စဉ်ခြင်ရန် အကြံပြုချက်များ၊

*``ဘယ်တော့မှတနေရာထဲတွင် တွယ်ကပ်မနေဘဲ၊*

*အမြဲတမ်းရွေ့ပြောင်းနေထိုင်ခြင်း``*

ကျွန်ုပ်တို့ကျင်းပပြုလုပ်သော ခြေလှမ်းသစ်ဖြစ်သော ``ဤကမ္ဘာမြေပေါ်၌ယုံကြည်ခြင်းဖြင့် ခရီးသွားသူများ``အစည်းအဝေးကို စက်တင်ဘာလတွင် ကိပ်တောင်းမြို့၌ ကျင်းပခဲ့သည်။ တောင်အာဖရိကနိုင်ငံသည် ကြီးမားထည်ဝါပြီး ခန့်ညားလှပသောနိုင်ငံတစ်ခုဖြစ်သည်။ လွန်ခဲ့သော၂၅နှစ်ကဖြစ်ခဲ့သော အင်အားကြီးမားသော လူမျိုးရေးခွဲခြားမှုစနစ်နှင့် အကြမ်းမဖက် တော်လှန်ရေးပြုပြင်ပြောင်းလဲခြင်းကို တစ်ကမ္ဘာလုံးအားပြသခဲ့သည်။ ယခုအချိန်တွင်လည်း နိုင်ငံတွင်း၌ လူမျိုးနွယ်စု ခွဲခြားဆက်ဆံခြင်း၏ အကျိုးဆက်များဖြစ်သော လူမျိုးစုခွဲခြားဆက်ဆံခြင်း အမုန်းတရားပွားခြင်း၏ အမာရွတ်များဆက်လက်တည်ရှိနေပါသည်။

ဤအခြေအနေတွင် ၁၀၀၀ခန့်ရှိသော မိသားစုတို့သည် သူတို့၏အိမ်တံခါးများကို ဖွင့်ပေးပြီး အစည်းဝေးတက်ရောက်သူအားလုံးကို နွေးထွေးစွာ၊ လှိုက်လှဲပြုဂုဏ်စွာကြိုဆိုမှုသည် အပြုသဘောဆောင်သောထင်ရှားသော အမှတ်လက္ခဏာတစ်ခုဖြစ်သည်။ ထိုလူငယ်များသည် ခရစ်ယာန်ဂိုဏ်ပေါင်းစုံနှင့် လူမျိုးနွယ်စုအသီးသီးမှ ခရစ်ယာန်ညီအစ်ကိုမောင်နမများ ကို တွေ့ဆုံရန်ခရီးနှင်ခဲ့ကြသည်။ ကျွန်ုပ်တို့ မည်သည့်အရပ်ဒေသတွင် နေထိုင်ကြပါစေ သူတစ်ပါးနှင့် မိတ်ဆွေဖွဲ့ဖို့ရန်နှင့် သူတစ်ပါးကိုနွေးထွေးပြုဂုဏ်စွာ ကြိုဆိုနိုင်ရန် ရဲစွမ်းသတ္တိ များမွေးမြူကြရပါမည်။

``ခရီးစတင်ထွက်ခွာခြင်း``သည်ဤယနေ့ ကျွန်ုပ်တို့အားလုံးကိုဖိတ်ခေါ်နေသည်။ ကျွန်ုပ်တို့ကို ချုပ်နှောင်ထားသော စိတ်ဓာတ်ကျမှုအမျိုးမျိုးမှလွတ်မြောက်ရန် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ နိမိတ်လက္ခဏာများ၊ ဘဝသစ်အတွက် ထိုးထွင်းသိမြင်တတ်သာ အမှတ်လက္ခဏာများကို ကောင်းစွာသိနားလည်ပြီး၊ ရှေ့အနာဂတ်၏ တောက်ပသောလက္ခဏာများသည် ကျွန်ုပ်တို့၏ အနီးပတ်ဝင်းကျင်တွင်ရှိနေပါသည်။ အသစ်သော စတင်မှုများကို ကျွန်ုပ်တို့ ဂရုပြုကြပါစို့ ထိုအရာများသည် အမြဲတမ်း အတိအကျအသေအချာ မဖြစ်လာသော်လည်း ကျွန်ုပ်တို့သည် ရှေ့ဆက်လျှောက်လှမ်းရင်း နည်းလမ်းများကို တွေ့ရှိကြပါသည်။

ဥရောပနိုင်ငံများတွေ့ဆုံပွဲကို ပေါရိုတော်မြို့၌ပြုလုပ်ခဲ့ချိန်တွင် ကျွန်ုပ်သည် ``၂၀၂၀အဆိုပြုတင်သွင်းချက်များ``ခေါင်းစဉ်တစ်ခု ရွေးချယ်တင်သွင်းခဲ့သည်။ ထိုခေါင်းစဉ်သည် ပိုလန်နိုင်ငံရှိ အမျိုးသမီးတစ်ဦး၏ဘဝမှ မှတ်သားကောက်နုတ်ရရှိပါသည်။ ထိုအမျိုးသမီးအမည်မှာ အူဇူလာ လဒိုချိုစကာဖြစ်ပြီး သူမသည်ဥရောပနိုင်ငံမှ သခင်ခရစ်တော်ကို သက်သေခံသော သူတော်သူမြတ်များမှတစ်ဦးဖြစ်သည်။ သူမ၏ဘဝအကြောင်းကို ပြောဆိုနေချိန်တွင် လူတစ်ဦးကဆိုသည်မှာ``ဘယ်တော့မှ တစ်နေရာထဲတွင် တွယ်ကပ်မနေဘဲ အမြဲတမ်း ရွေ့ပြောင်းနေထိုင်ခြင်း ``ဟူ ၍ဖြစ်သည်။

ကျွန်ုပ်တို့သည် ပေါရိုတော်မြို့တွင်ရောက်ရှိနေသည်မှာ ကြာညောင်းနေပါပြီ။ လွန်ခဲ့သောနှစ် ၃၀ခန့်က ဒီဇင်ဘာလ ၁၉၈၉ ခုနှစ် ပိုလန်နိုင်ငံမှ အိမ်ရှင်အဖြစ် ပထမဦးဆုံး ဥရောပနိုင်ငံများစုံညီ အစည်းအဝေးကို ``သံစကာ ခန်းစည်းလိုက်ကာ`` အရှေ့ဖက်တွင်ပြုလုပ်ခဲ့သည်။ ဘာလင်တံတိုင်းကြီး ပြိုကျသွားပြီး ပြည်သူ၊ပြည်သားများ၏ စိတ်ဓာတ်တက်ကြွမှုများ၊ အသစ်သော လွတ်လပ်မှုများသည် သူတို့၏ နှလုံးသားနှင့်သွေးကြောများ အတွင်းသို့စီးဝင်သွားပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာကြီးသည် ပြောင်းလဲလာပါသည် ``ကျွန်ုပ်၏ကြီးမားသော ယုံကြည်ချက်မှာ အနာဂတ်လူငယ်များသည် ကျွန်ုပ်တို့အတွက် လွတ်လပ်မှုနှင့်တရားမျှတမှု နည်းလမ်းသစ်များကို ဖွင့်လှစ်ပေးနိုင်မည်ဖြစ်သည်။``

ကျွန်ုပ်တို့၏ ဘဝနှင့်ယုံကြည်မှုများသည် ခရီးသွားဧည့်သည်များဖြစ်ယုံမက တစ်ခါတစ်ရံ ဤကမ္ဘာမြေပေါ်တွင် သူစိမ်းဧည့်သည်များကဲ့သို့ ဖြစ်နေတတ်ပါသည်။ ကျွန်ုပ်တို့၏ အခက်အခဲများ ရင်ဆိုင်နေသည်ဖြစ်စေ ပျော်ရွှင်ဝမ်းမြောက်နေသည်ဖြစ်စေ ကျွန်ုပ်တို့သတိရအာရုံပြုသင့်သည်မှာ ဘုရားသခင်သည်သစ္စာရှိပြီး ကျွန်ုပ်တို့၏ကောင်းမွန်သော ဆုံးဖြတ်ချက်ရည်ရွယ်ချက်များကို ဆက်လက်လုပ်ကိုင်ရန်အင်အားပေးနေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၏ အနာဂတ်အတွက်ငြိမ်းချမ်းရေးကို ပြင်ဆင်ထားပြီးဖြစ်ပါသည်။

*ဖာသာရ် အာလွစ်*

## အမှန်တရားကိုရှာဖွေခြင်း

၂၀၁၉တွင် ကျွန်ုပ်တို့၏ တေဇေအဖွဲ့သည် အခက်အခဲများနှင့်ရင်ဆိုင်ခဲ့ရပါသည်။ အမှန်တရားကို ရှာဖွေခြင်း နှင့် ကျွန်ုပ်တို့၏ဘရာသာများသည် လိင်မှုဆိုင်ရာအကြမ်းဖက်မှုများတွင်ပါဝင်နေခြင်းနှင့် ဆိုင်သော အမှန်တရားများ ပေါ်ပေါက်ရန်အတွက် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းလမ်းစဉ်များ ရှေ့ဆက်လျှောက်လှမ်းရန် ကျွန်ုပ်တို့ဆန္ဒရှိပါသည် ထိုအကြောင်းအရာများကို ထုတ်ဖော်ရန်၊ လွတ်လပ်စွာပြောဆိုရန်၊ အမှန်တရားကို သိရှိရန် သတင်းအချက်အလက်များ အသေးစိတ်ပိုမိုသိရှိရန်အတွက် www.taize.fr/protection တွင်လေ့လာဖတ်ရှု ပေးနိုင်ပါသည်။

## *၁။ အမြဲတမ်း ရွေ့ပြောင်းနေထိုင်ခြင်း....*

### ... ခရီးစဉ်တစ်ခု ထပ်မံ စတင်ရန်အသင့်ရှိခြင်း

*"ထာဝရဘုရားသည်လည်းအာဗြံကိုခေါ်တော်မူ၍၊သင်၏ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဖော်များထဲက ထွက်ပြီးလျှင်၊ ငါပြလတံ့သောပြည်သို့သွားလော့။" (ကမ္ဘာဦးကျမ်း ၁၂း၁)*

ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ခေါ်သံကို ကျွန်ုပ်တို့သည်ပြန်လည်ဖြေကြားပြီးခရီးစတင်ခဲ့သည်၊ အခြေအနေများကကောင်းမွန်မည် သို့မဟုတ် အခက်အခဲများ၊ အနှောက်အယှက်များ အတားအစီးများရှိနေမည်ဖြစ်စေ အသစ်စတင်ခြင်းသည် အမြဲတမ်းဖြစ်နိုင်ခြေရှိသည်ကိုအမှတ်ရပါ။

သမ္မာကျမ်းစာ၏အစပိုင်းတွင် ကျွန်ုပ်တို့တွေ့ရှိရသောသူတစ်ဦးမှာ အာဗြံဟမ်ဖြစ်ပြီး သူ့ကိုဘုရားသခင်က ခေါ်တော်မူ၍ အရာအားလုံးကိုစွန့်လွှတ်စေပြီး သူမသိသောအရပ်ဒေသသို့ သွားရောက်ရန်ပြောကြားခြင်းခံခဲ့ရသည်။ သူ၏ဇနီးဆာရာနှင့်သူတို့သည် ခြေကျင်ခရီးနှင်သူများ၊ ဘုရားဖူးဧည့်သည်များအဖြစ် ဘုရားသခင်၏အမိန့်ကိုနာခံသူများနှင့် ဘုရားသခင်ကို ယုံကြည်သူများဖြစ်လာသည်။

ဘုရားသခင်ညွှန်ပြပေးသနားတော်မူသော နယ်မြေသစ်သို့ရောက်ရှိသောအခါ အာဗြံဟမ်နှင့်ဆာရာ တို့သည် ထိုနေရာ၌ရွက်ဖျင်တဲထိုး၍နေကြသည်။ သူတို့သည် ခရီးထွက်ခွာရန် အဆင်သင့်ရှိနေသကဲ့သို့၊ နောက်ဆုံး၌သူတို့၏စုံစမ်းစစ်ဆေးမှုများသည် ကောင်းချီး မင်္ဂလာများဖြစ်လာခဲ့ပါသည်။ အာဗြံဟမ်နှင့် ဆာရာတို့သည် သူတို့မိဘဇာတိမွေးရပ်မြေ၌ မတွေ့ရှိနိုင်သော အသစ်သော အရာများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

သမ္မာကျမ်းစာ၏ထင်ရှားသော သွင်ပြင်လက္ခဏာတစ်ခုမှာ ပြောင်းလဲခြင်း သဘောရှိသည်ကိုတွေ့ရှိနိုင်သည်။ ဘုရားသခင်ပြင်ဆင်ထား သောအနာဂတ်လမ်းခရီးကို စတင်လျှောက်လှမ်းနေစဉ်တွင် မထင်မှတ်ဘဲကျရောက်တတ်သော အန္တရာယ်များနှင့်တွေ့ကြုံနိုင်သည်။ ဥပမာ ဘုရားသခင်၏လူမျိုးတော်များ အီဂျစ်ပြည်မှထွက်ခွာသောအခါ နှစ်ပေါင်း၄၀ တောကန္တာရ ၌လှည့်လည်သွားလာခဲ့ကြရသည်။

ဘုရားသခင်သည်ကိုယ်တော်တိုင် သူ၏လူမျိုးများနှင့်အတူ ဦးဆောင်လှည့်လည်သွား လာသူဖြစ်လာသည်။ ``ငါသည် သင့်ဘက်မှာရှိ၏။ သင်သွားလေရာရာ၌ ငါစောင်မမည်။ ဤပြည်သို့ တဖန်ဆောင်ခဲ့ဦးမည်။ ဂတိထားသည့်အတိုင်း မပြည့်စုံမှီ၊ သင့်ကို ငါမစွန့်ဟုမိန့်တော်မူ၏။`` (ကမ္ဘာဦးကျမ်း ၂၈း၁၅)

တောကန္တာရထဲတွင် သူ၏လူမျိုးများကိုလမ်းညွှန်ပြရင်း သူ၏အသံကိုနားထောင်တက်ရန် မမျှော်လင့်ထားသော ဘေးအန္တရာယ်များကို ရင်ဆိုင်တတ်ရန် သင်ကြားပေးခဲ့သည်။

*(ထပ်ခါ)၂ ဖတ်ရန် - တစ်ဦးတည်း သို့မဟုတ် အဖွဲ့ဖြင့်၊ အခြားသူများဖြင့် ။*

*ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခရီးဆက်ရန် ဖိတ်ခေါ်ခြင်း အကြောင်းအရာများနှင့် ပတ်သတ်၍ သမ္မာကျမ်းစာထဲမှ အဖြစ်အပျက်များ*

*ကမ္ဘာဦးကျမ်း ၂၈း၁၀-၁၅၊ ထွက်မြောက်ရာကျမ်း ၁၃း၁၇-၂၂၊ ဆာလံကျမ်း ၁၂၆၊ ဟေရှာယအနာဂတ္တိကျမ်း ၄၃း၁-၂၊ ရှင်မာတေးဦး ဧဝံဂေလိကျမ်း ၂း၁၃-၂၃၊  ရှင်လုကာ ဧဝံဂေလိကျမ်း ၁၀း၁-၉၊ တမန်တော် ဝတ္ထုကျမ်း ၁၁း၁၉-၂၆။*

## ၂။ အမြဲတမ်း ရွေ့ပြောင်းနေထိုင်ခြင်း....

**.... မိမိနှင့်နီးစပ်သူများနှင့် အတူတကွ စိတ်ရောကိုယ်ပါ ရှိနေခြင်း**

> *ကိုယ်တော်သည် ကမ်းပေါ်သို့တက်သောအခါများပြားစွာသော လူအစုအဝေးတို့ကိုမြင်သဖြင့် သူတို့အပေါ်၌ ကရုဏာသက်တော်မူ၏။ အကြောင်းမူကား သူတို့သည် သိုးထိန်းမရှိသောသိုးများကဲ့သို့ ဖြစ်နေကြသောကြောင့်တည်း။ ကိုယ်တော်သည်လည်းသူတို့အား များစွာသောအကြောင်း အရာများကို စတင်သွန်သင်တော်မူ၏။ (ရှင်မာကု ဧဝံဂေလိကျမ်း ၆း၃၄)*

သခင်ခရစ်တော်သည်မိမိကိုယ်ကို ခရီးသွားလှည့်လည်သွားလာသူတစ်ဦး အဖြစ်ဖော်ပြထားသည်။ ``ယေရှုကလည်း မြေခွေးတို့၌တွင်းများရှိကြ၏။ ကောင်းကင်ငှက်တို့၌ အသိုက်များရှိကြ၏။ လူသား၌မူကား မိမိ၏ခေါင်းချစရာနေရာပင်မရှိဟု သူ့အားမိန့်တော်မူ၏။`` (ရှင်မာတေးဦး ဧဝံဂေလိကျမ်း ၈း၂၀)။ သူသည်ဧဝံဂေလိသတင်းကောင်းတရားတော်ကို ကြွေကြာဟောပြောရန် လှည့်လည်သွားလာသည်။ ဘုရားသခင်၏နိုင်ငံတော်သည်နီးလာပြီး၊ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို အသစ်ပြုပြင်ပြောင်းလဲနေသည်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးကို ဖိတ်ခေါ်နေသည်၊ လူသားမျိုးနွယ်စုတစ်ခုလုံးကို ပြန်လည်အသစ်ပြုပြင်ရန်လုပ်ငန်းတွင် ကျွန်ုပ်တို့တစ်ဦးစီပါဝင်ရန် လိုအပ်သည်။

သခင်ခရစ်တော်သည် သူ၏အသက်ရှင်လှုပ်ရှားမှုဖြင့် ပုံစံနမူနာပြသခဲ့သည်။ ထိုပုံစံနမူနာမှာ အနိမ့်ကျဆုံးသူများနှင့်အငယ်ဆုံးသောသူများကို ကြည့်ရှုစောင့်ရှောက်ခြင်းစသည် တို့ဖြစ်သည်။ အကယ်၍ သခင်ခရစ်တော်သည် တခြားသူများကို ဂရုပြုစောင့်ရှောက်နေထိုင်နိုင်ခြင်းမှာ သူသည်ဘုရားသခင်နှင့် ခိုင်မာစွာချိတ်ဆက်နေသောကြောင့်ဖြစ်သည်။ သူ၏ဘဝအသက်တာ၌လည်း သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ ဦးဆောင်မှုအောက်၌အမြဲရှိနေသည်။

သခင်ခရစ်တော်သည် ကမ္ဘာမြေကြီးသို့ဆင်းကြွလာ၍ ကျွန်ုပ်တို့ကဲ့သို့ လူသားတစ်ယောက် အဖြစ်အသက်ရှင်နေထိုင်ခဲ့သည်။ သူ၏လက်ဝါးကပ်တိုင်၌ အသေခံခြင်း၊ အဆုံးတိုင်ဒုက္ခစရိယာခံ ယူခြင်းတို့ဖြင့် ခမည်းတော်ဘုရားနှင့် ကျွန်ုပ်တို့၏အလိုကို အပြည့်အဝလိုက်နာခဲ့ခြင်းကိုဖော်ပြခဲ့သည်။ သခင်ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် အသစ်သောအစပြုခြင်းကို သက်သေခံအဖြစ် ခမည်းတော်ဘုရား၏ ချစ်ခြင်းမေတ္တာကို လူသားများအတွက်ပေးဆပ်ခဲ့သည်။

လူများစွာတို့သည် ဆုံးရှုံးမှုများအလယ် အကြမ်းဖက်မှုများ၊ နှိမ့်ချဆက်ဆံမှုများကြား၌ ဤကမ္ဘာမြေပေါ်တွင် သူစိမ်းများအဖြစ်ခံစားနေရသည်။ သခင်ခရစ်တော်၏နောက်လိုက် ခရစ်ယာန်များသည် သူတို့၏ယုံကြည်ခြင်းကို ဘုရားသခင်၌အပ်နှံထားကြသည်။ ထိုအရာများသည် သူတို့ကို ပျက်စီးခြင်းသို့မရောက်စေဘဲ သေချာသောအရာများ၊ လက်တွေ့ဆန်သောအရာများ၊ သူတစ်ပါးအတွက် ကိုယ်ကြိုးစွန့် အနစ်နာခံလုပ်ကိုင်သူများ၊ ကိုယ်ခြင်းစာတရားရှိသူများဖြစ်လာသည်။

ဒုတိယရာစုနှစ်တွင် ခရစ်ယာန်များနှင့်ပတ်သတ်၍ အမည်မသိရေးစာဆိုတစ်ဦး ပြောကြားထားသည်မှာ ``သူတို့သည် သူတို့၏နိုင်ငံများတွင်နေထိုင်ပြီး ရိုးစင်းသောခရီးသွားများအဖြစ် လှည့်လယ်သွားလာကြသည်။ ရေခြား၊ မြေခြား၊ နိုင်ငံခြားအရပ်ဒေသများသည် သူတို့၏မွေးရပ်ကဲ့သို့ ဖြစ်ပြီး၊ သူတို့၏မွေးရပ်ဇာတိမြေများသည် နိုင်ငံရပ်ခြားဒေသများကဲ့သို့ ဖြစ်နေသည်ဟုခံစားသတ်မှတ်ကြသည်။`` (ဒီအိုဂျီတူစ်သို့ပေးစာ)

- *ကျွန်ုပ်တို့သည်လည်းသခင်ခရစ်တော်ကဲ့သို့ ဆင်ရဲသားများကို ကြည့်ရှုသော လက်တွေ့လုပ်ဆောင်နိုင်သော အရာများကို လုပ်ဆောင်ရန် ဆုံးဖြတ်ချက်များပြုလုပ်ကြပါစို့။*
- *မိမိဒေသရှိ ဘုရားကျောင်းများ၌ ပူးပေါင်းပါဝင်လုပ်ကိုင်ခြင်း၊ ဖွဲ့လိုက်ပုံမှန်ဆုတောင်းခြင်း၊ သခင်ခရစ်ခရစ်တော်၏ ဒုက္ခစရိယာခံခြင်း၊ လက်ဝါးကပ်တိုင်၌ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း စသော နက်နဲဖွယ်ရာအကြောင်းများကို ကမ္ဘာ့ဌာန်းထောက်ရှုကြပါစို့။*

## *၃။ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်ခြင်း....*

### **...မိမိတိုင်းပြည်မှ အချိန်ကြာမြင့်စွာ ထွက်ခွာသူများကိုအားပေးကူညီခြင်း**

> *ငါသည်ထာဝရဘုရားဖြစ်၏။ သင်၏ပြည်၌တည်းနေသော ဧည့်သည်ကိုမညှဉ်းဆဲရ။ သင်နှင့်အတူနေသောဧည့်သည်များကို ကိုယ်အမျိုးသားချင်းကဲ့သို့မှတ်ရမည်။ ကိုယ်နှင့်အမျှချစ်ရမည်။ သင်တို့သည် အဲဂုတ္တုပြည်၌ဧည့်သည်ဖြစ်ကြဘူးပြီ။ ငါသည်သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်၏။*
>
> *(ဝတ်ပြုရာကျမ်း ၁၉း၃၃-၃၄)*

ကမ္ဘာ့နေရာအနှံ့အပြားတွင် အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် မိမိတို့၏ မွေးရပ်ဇာတိမြေများမှထွက်ခွာရန် အတင်းအဓမ္မတွန်းပို့ခြင်းခံနေရပါသည်၊ သို့မဟုတ် သူတို့၏ ကောင်းမွန်သောအနာဂတ်များကိုရှာဖွေရန် တခြားသော အရပ်ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ရကြသည်။ သူတို့၏စိတ်တွန်းအားသည် သူတို့ရှေ့တွင်ရှိသော အခက်အခဲအတားအဆီးများထက် ပိုမိုသန်မာအားကောင်းနေသည်။

ကျွန်ုပ်တို့အားလုံးသည် မိမိတို့၏ထုံးတမ်းဓလေ့ယဉ်ကျေးမှုများကို ထိမ်းသိမ်းလိုကြသည်။ သို့သော်လည်း တစ်ခြားသူများသည်အဘယ်ကြောင့် ထိုကောင်းမွန်၊ လုပသောလူသားတို့၏ လက်ဆောင်ဖြစ်သော တစ်ခြားသူများ၏ ထုံးတမ်းဓလေ့ယဉ်ကျေးမှုများကို လက်မခံလိုကြပါသနည်း။ ပုံမှန်အားဖြင့် မိမိတို့၏ အရပ်ဒေသသို့ သူစိမ်း၊တိုင်းတစ်ပါးသားများရောက်ရှိနေထိုင်ခြင်းအတွက် ခက်ခဲနက်နဲသော မေးခွန်းများမေးလေ့ရှိသည်။ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်သော သူများစုပြုံရောက်ရှိခြင်းကို စနစ်တကျကိုင်တွယ် စီမံခန့်ခွဲသင့်သည်။ ထိုအရာသည် အခက်အခဲများပေးနိုင်သကဲ့သို့ အခွင့်အရေးများလည်းဖြစ်ပေါ်စေနိုင်ပါသည်။

ကျွန်ုပ်တို့သည်တခါတရံ အရပ်ဒေသတူ၊ အိမ်နီးနားချင်း တစ်မြို့တည်းသားချင်းများနှင့် နှစ်ပေါင်းများစွာနေထိုင်သော်လည်း တစ်ဦးကိုတစ်ဦးသူစိမ်းဆန်ဆန် နေထိုင်ခဲ့ကြသည်လည်းရှိပါသည်။ တူညီသော ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများတွင်နေထိုင်သောသူများပင်လျှင် နားလည်မှုလွဲမှားခြင်းများ ဖြစ်ပေါ်တက်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နှင့်မတူညီသောကွဲပြားသောထင်မြင်ချက်ရှိသူများ၊ အမြင်မတူသူများနှင့် ကြိုးစားပြီးဆက်ဆံကြလျှင် အဘယ်သို့ဖြစ်လာမည်နည်း။

တစ်ခြားသူများနှင့်ကျွန်ုပ်တို့နှင့်ရင်းနှီးကျွမ်းဝင်သူများသာမက သူစိမ်းဧည့်သည်အာဂန္တုများ နှင့်ဆက်ဆံခြင်း၊ ရောနှောချိန်တွင် ဖြစ်ပေါ်နိုင်သောအရာတခုမှာ သူတို့၏တွေးခေါ်ကြံဆမှုများသည် ကျွန်ုပ်တို့နှင့် ကွဲပြားခြားနားနေသည်ကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။

- *ကျွန်ုပ်တို့သည် စိတ်ကူးယဉ်ဆန်သော၊ ယေဘုယျမကျသော သတင်းအချက်အလက်များကို ယုံကြည်လက်ခံခြင်းထက် အချိန်ယူပြီး ထိုပြောင်းရွှေ့နေထိုင်သူများ၏ အခြေအနေကိုလေ့လာခြင်း သို့မဟုတ် တခြားအရပ်ဒေသများမှပြောင်းရွှေ့လာသော မိသားစုများ၏ဘဝအခြေအနေ အတွေ့အကြုံများကို နားထောင်ပြီး နားလည်မှုပေးကြပါစို့။*
- *လူငယ်တစ်ချို့သည် ရုပ်ပိုင်းဆိုင်ရာများတွင် လိုအပ်မှုမရှိ၊ ပြည့်စုံသော်လည်း စိတ်ပိုင်းဆိုင်ရာတွင် သူတို့၏ ပတ်ဝန်းကျင်ရှိ မိသားစုအသိုင်းအဝိုင်း အဖွဲ့အစည်းများနှင့်မသက်ဆိုင်ဟုခံစားနေကြရသည်။ မိသားစု ရင်းနှီးမှုများ ပြိုကွဲပျက်စီးခြင်း၏ရလဒ်များသည် ကြီးမားသောအထီးကျန်ခြင်းများကို ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့ကြိုးစားပြီး ကျွန်ုပ်တို့၏ အနီးအနားတွင်ရှိနေသော စိတ်ပိုင်းဆိုင်ရာအားဖြင့် ပြည်နှင်ဒဏ်ခံရသူများကို ဂရုပြုပြီး သူတို့နှင့် အတူတကွလျှောက်လှမ်း အားပေးကြပါစို့။*

*၄။ အမြဲတမ်း ရွှေ့ပြောင်းနေထိုင်ခြင်း....*

**... ဖန်ဆင်းခြင်း၏ အစိတ်အပိုင်းတခုကဲ့သို့**

*ထာဝရဘုရား၏သစ်ပင်၊ စိုက်တော်မူသော လေဗနုန် အာရဇ်ပင်တို့သည်လည်း ရောင့်ရဲလျက်ရှိကြ၏။ ထိုအပင်တို့၌ ငှက်တို့သည် အသိုက်လုပ်တတ်ကြ၏။ ထင်းရှူးပင်တို့၌ တောင်ကြီးတို့သည် နေရာကျတတ်ကြ၏။ (...) အိုထာဝရဘုရား၊ ကိုယ်တော်စီရင် ပြုပြင်တော်မူသောအရာတို့သည် အလွန်များပြားပါ၏။ ရှိရှိသမျှတို့ကို ပညာတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ မြေကြီးသည် ဘဏ္ဍာတော်နှင့် ကြွယ်ဝပါ၏။ (ဆာလံကျမ်း ၁၀၄)*

ဤအံ့ဩဖွယ်ကောင်းသော ကမ္ဘာမြေကြီးသည်ကြီးမားသော အန္တရာယ်များနှင့် ရင်ဆိုင်နေရ၍ လူကြီး၊ လူငယ်များအားလုံးသည် အားအင်ချိနဲ့ခြင်း သို့မဟုတ် စိတ်ဓာတ်ကျဆင်းခြင်း စသော ခံစားမှုများဖြစ်ပေါ်နေကြသည်။ မကြာခင်ကာလအတွင်းတွင် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သတ်သော ဘေးဒုက္ခကပ်များကြောင့် လူသားများစွာတို့ကို မိမိတို့၏အိုးအိမ်၊ အရပ်ဒေသများကို စွန့်ခွာရန် တွန်းအားများပေးခြင်းများခံနေရသည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ကံကြမ္မာပစာနဂါဒနှင့် ပြင်းစွာသောဝေဒနာခံစားမှုများ၏ ထိုးနက်မှုကို ခံနိုင်စွမ်းရှိရန် ခွန်အားများပေးနေသည်။ သမ္မာကျမ်းစာ၏အစ၌ ကျွန်ုပ်တို့ဖတ်ရှုရသည်မှာ ``ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူအားဧဒင်ဥယျာဉ်ကို ပြုစုစောင့်နေစေခြင်းငှါထားတော်မူ၏။`` (ကမ္ဘာဦးကျမ်း ၂း၁၅) ထိုကဗျာဆန်သောပုံပြင်၌ သမ္မာကျမ်းစာညွှန်ပြလိုသောအချက်မှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းလုပ်ငန်းများ၌ ဤကမ္ဘာမြေကြီးကိုပြုစုစောင့်ရှောက်၊ ထိန်းသိမ်းရန် ကျွန်ုပ်တို့လူသားများတွင် တာဝန်ရှိနေသည် ဟူသောအချက်ဖြစ်ပါသည်။ ပြန်လည်ရှာဖွေတွေ့ရှိသောအချက်တခုမှာ ကျွန်ုပ်တို့ လူသားများသည် ဖန်ဆင်းခံအရာများနှင့် သီးခြားခွဲထုတ်၍ မရသောသူများဖြစ်ပြီး ထိုအချက်သည်လည်း ကျွန်ုပ်တို့ဘဝကိုလူသားအဖြစ် ပိုမိုပီသလာစေပါသည်။

ကျွန်ုပ်တို့နေထိုင်ရာ ဤကမ္ဘာမြေကြီးသည် ဖန်ဆင်းရှင်အဖဘုရားသခင်ထံမှ အင်မတန် အဖိုးထိုက်တန်လှသော လက်ဆောင်မွန်တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့အားလုံး ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ကျေးဇူးတင်ခြင်းအစရှိသောစိတ်တို့ဖြင့် လက်ခံရမည်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့နေထိုင်ရာ အိမ်တစ်လုံးဖြစ်ပြီးဘုရားသခင်သည် ထိုကမ္ဘာမြေကြီးအား ကြည့်ရှုစောင့်ရှောက်ရန် ကျွန်ုပ်တို့အားလုံးကိုတာဝန်ပေးခဲ့ပြီး၊ ကမ္ဘာမြေပေါ်ရှိသက်ရှိသတ္တဝါများအားလုံးနှင့် နောင်လာမည့် မျိုးဆက်သစ်များတွက် ကောင်းသောကမ္ဘာမြေကြီးအဖြစ် လက်ဆင့်ကမ်းရန် ကျွန်ုပ်တို့တွင် တာဝန်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် ချက်ချင်းပြုလုပ်ရန်လိုအပ်နေသည်ကို လူမှုအဖွဲ့အစည်းများစွာမှ အစပြုလုပ်ကိုင်နေသည်ကို ကျွန်ုပ်တို့မြင်တွေ့လာကြသည်။ ထိုအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများသည်တိုးတက်လာ၍ ကမ္ဘာလူသားအများစု၏ သြတပ္ပအသိစိတ်များကို

လွှမ်းမိုးလာနိုင်ခဲ့သည်။ သေချာသည်မှာ လူတစ်ဦးတစ်ယောက်တည်း ထိုအလုပ်များကို လုပ်ကိုင်ရန်မဖြစ်နိုင်ချေ၊ သို့ပေမယ့် ထိုအလုပ်များကို မဖြစ်မနေလုပ်ဆောင်ရန်လိုအပ်သည်။

- *ကျွန်ုပ်တို့ တစ်ဦးစီသည် မိမိတတ်စွမ်းနိုင်သောဖက်မှ ပြုလုပ်ဆောင်ရွက်ရန်၊ ပါဝင်လုပ်ကိုင်ရန် နှိုးဆော်အပ်သည်။ ကျွန်ုပ်တို့၏ နေထိုင်ပုံများကို ပြန်လည်သုံးသပ်ပြီး၊ လုပသော ဖန်ဆင်းခံအရာများကို ရိုးရှင်းစွာဖြင့် ဂရုပြုကြပါစို့။*
- *ဖန်ဆင်းခံအရာများကို ကျင်နာသောဂရုဏာမျက်လုံးများဖြင့်ကြည့်ရှုလုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့နှင့်ဂိုဏ်းဂဏပေါင်းစုံမှ ခရစ်ယာန်ညီအစ်ကိုမောင်နှမများနှင့် အတူတကွ သက်သေခံခြင်းသည်လည်း ဖြစ်နိုင်ခြေရှိသောအရာတစ်ခုဖြစ်သည်။ ယခုကဲ့သို့ အရေးပေါ်လိုအပ်နေသောအရာသည် ကျွန်ုပ်တို့ခရစ်ယာန် ဂိုဏ်းဂဏအသီးသီး၏ ကြိုးပမ်းမှုများ မပါဝင်နေသလော? တစ်ချို့အဖွဲ့ အစည်းများစတင်လုပ်ဆောင်နေပြီး ထိုအထဲမှအဖွဲ့တဖွဲ့မှာ ကွန်ယက်ဆက်သွယ်မှု ``အစိမ်းရောင်အသင်းတော်များ``ဖြစ်ပြီးထိုအဖွဲ့သို့လည်း တေဇေမှနွေရာသီ ၂၀၁၉ တွင်ပါဝင်ခဲ့သည်။ (အသေးစိတ်သိလိုလျှင် www.taize.fr/eco)*

## *၅။ အမြဲတမ်း ရွေ့ပြောင်းနေထိုင်ခြင်း....*

### ...အတွင်းစိတ် ၌ အမြဲတမ်းချိတ်ဆက်နေခြင်း

*သင်တို့မူကား ဆုတောင်းသောအခါ သင်တို့၏အခန်းအတွင်းသို့ဝင်၍ တံခါးကိုပိတ်ပြီးမှ စိတ်ကွယ်ရာ အရပ်၌ ရှိတော်မူသော သင်တို့၏ အဖထံသို့ ဆုတောင်းလော့။ စိတ်ကွယ်ရာ၌ ပြုမူသောအမှုကို မြင်တော်မူသော သင်တို့၏အဖသည် သင်တို့အား ဆုကျေးဇူးပေးသနားတော်မူလိမ့်မည်။ (ရှင်မာတေးဦး ဧဝံဂေလိကျမ်း ၆း၆)*

``မိမိတို့သည်မြေကြီးပေါ်မှာ တစ်ကျွန်းသူတစ်နိုင်ငံသား၊ ဧည့်သည် အာဂန္တုဖြစ်သည်ကို`` (ဟေ ဗြဲသြဝါဒစာ ၁၁း၁၃) သတိရလျက် ကျွန်ုပ်တို့သည် မည်သည့်နေရာ၌ စိတ်ငြိမ်းချမ်းသာယာမှုကို တွေ့ရှိနိုင်မည်ရှာဖွေရမည် သို့မှသာကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ် သိရှိနိုင်မည်ဖြစ်သည်။ ထိုစိတ်ငြိမ်းချမ်းသာယာမှုသည် ကျွန်ုပ်တို့ဆုတောင်းခြင်းအမှုကိုပြုလုပ်နေစဉ် သခင်ခရစ်တော်နှင့် စကားပြောဆက်သွယ်ချိန်၌ဖြစ်ပေါ်နေပါသလား?

ကျွန်ုပ်တို့၏သခင်ခရစ်တော်အပေါ်၌ ယုံကြည်အားထားမှုသည် အလွယ်တကူ ပျက်စီးနိုင်သောအရာတစ်ခုဖြစ်သည်မှာအမှန်ပင်ဖြစ်သည်။ သို့ပေမယ့် ကျွန်ုပ်တို့၏ အသင်းတော်အတွင်း တစ်ဦးကိုတစ်ဦးကူညီခြင်း၊ မိမိတို့၏အခက်အခဲများကိုလွတ်လပ်စွာဝေငှခြင်း၊ တစ်ဦးပေါ်တစ်ဦးယုံမှားသံသယကင်းရှင်းခြင်း၊ မိမိတို့၏စိတ်၌ရှိသော မေးခွန်းများကို ပွင့်လင်းစွာပြောဆိုခြင်း၊ စသောအရာများကို ပြုလုပ်နိုင်မည်လော?

ဘုရားသခင်နှင့် အမြဲတမ်းဆက်သွယ်ခြင်းသည် ကျွန်ုပ်တို့ကို ကြီးစွာသော လွတ်လပ်မှုကိုဖြစ်ပေါ်စေပါသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအားဖြင့် ကျွန်ုပ်တို့တစ်ဦးစီ သို့မဟုတ် ကျွန်ုပ်တို့အားလုံးကို အစေခံကျေးကျွန်ဘဝမှ လွတ်မြောက်စေရုံမက ကျွန်ုပ်တို့၏အနှောင်အဖွဲ့ အတားစီးများမှ လည်းလွတ်မြောက်စေပါသည်။

ကျွန်ုပ်တို့သည် မိမိတို့၏ နေရာဒေသ အတွယ်အတာ သံယောဇဉ်များကို မဖြတ်တောက် မစွန့်လွှတ်နိုင်လျှင်မည်ကဲ့သို့ အမြဲတမ်းရွေ့ပြောင်းသွားလာနိုင်သူများ ဖြစ်နိုင်ကြမည်နည်း? ဘုရားသခင်၏နိုင်ငံတော်သည် ကျွန်ုပ်တို့တစ်ဦးစီနှင့် အားလုံး၏အလယ်တွင် ရောက်ရှိနေပြီးဆိုသော ခံယူချက်များကို မည်ကဲ့သို့ထားရှိနိုင်မည်လော?

မှန်ပါသည်၊ ကျွန်ုပ်တို့ နှလုံးသားများနားနေရန် စစ်မှန်သော နေရာတစ်ခုရှိပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အတွက် အဓိကတွန်းအားပေးသော အရာဖြစ်နိုင်သည်။ သခင်ခရစ်တော် ပြောဆိုသည်မှာ ``ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်။``
(ရှင်မာတေးဦး ဧဝံဂေလိကျမ်း ၁၁း၂၉)

*ကျွန်ုပ်တို့၏ အမှောင်ညများ၌ပင် သန့်ရှင်းသောဂိုဏ်ဉာဉ်တော်ဘုရား၏ ကောင်းမြတ်ခြင်းနှင့်*
*အလင်းတော်သည်  ကျွန်ုပ်တို့ကို ဦးဆောင်လမ်းညွှန်တော်မူပေသည်...*

# ယုံကြည်မှုနှင့် ခရီးဆက်သူများ ၂၀၂၀

*တေဇေကျေးရွာ၌*

***အပတ်စဉ်တိုင်း တနှစ်ပတ်လုံး အတွက်အစီအစဉ်များ***

တနင်္လာနေ့မှ တနင်္ဂနွေနေ့အထိ နိုင်ငံပေါင်းစုံမှအရွယ်ရောက်လူငယ်များအတွက် အပြည်ပြည်ဆိုင်ရာလူငယ်များအစည်းအဝေးပြုလုပ်ပေးခြင်း၊ အတူတကွဆုပေါင်းဆုတောင်းခြင်း၊ သမ္မာကျမ်းစာနှင့်ကမ္ဘာ့ဌာန်းထောက်ရှုခြင်း၊ အဖွဲ့ငယ်များနှင့်နှီးနှောဖလှယ်ခြင်းနှင့် လက်တွေ့ကျသော တာဝန်များခွဲဝေခြင်း။ သမ္မာကျမ်းစာပဏာမ မိတ်ဆက်ခြင်းနှင့် အတွေ့အကြုံဝေမျှခြင်း အစီအစဉ်များကို အမျိုးသား သို့မဟုတ် အမျိုးသမီးတစ်ဦးမှဦးဆောင်၍ စိတ်ဝင်စားသူများသည် ရက်သတ္တပတ် တိတ်ဆိတ်ငြိမ်သက်စွာဆုတောင်းခြင်းဖြင့် ပါဝင်နိုင်ပါသည်။

## *သခင်ခရစ်တော် ရှင်ပြန်ထမြောက်တော်မူသော အီစတာပွဲတော်နေ့ မတိုင်မီ သန့်ရှင်းသော ရက်သတ္တပတ် နှင့် ပါစကားကာလ*

*ဧပြီလ ၅ရက် တနင်္ဂနွေနေ့ မှ ဧပြီလ ၁၃ရက် တနင်္လာနေ့ အထိ*

နေ့စဉ်နေ့တိုင်း သခင်ခရစ်တော်နှင့် နေ့စဉ်လျှောက်လမ်း၍ သန့်ရှင်းသော ရက်သတ္တပတ်အတွင်း ဆုတောင်းခြင်းများကို ပြန်လည်ဝေမျှခြင်းနှင့် ပါစကား အာရုံဦးဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်များ။

## *ခရစ်ယာန်လူငယ်များနှင့် မူစလင်လူငယ်များအကြား မိတ်ဖြစ်ဆွေဖြစ် တွေ့ဆုံခြင်း အစီအစဉ်*

*ဇူလိုင် ၈ ရက် ဗုဒ္ဓဟူးနေ့ မှ ဇူလိုင် ၁၂ ရက် တနင်္ဂနွေနေ့အထိ*

ညီရင်းအစ်ကို မောင်နှမ သွေးချင်းများကဲ့သို့ အတူတကွတွေ့ဆုံနေထိုင်ပြီး မိတ်သဟာယဖွဲ့ခြင်း အမှုများပြု လုပ်ဆောင်ရွက်ခြင်း အစီအစဉ်။

## *ပြန်လည်သုံးသပ်ဆွေးနွေးခြင်းရက်သတ္တပတ် အသက် ၁၈နှစ် မှ ၃၅ နှစ် ပြည့်သူများ အတွက်သာ*

*ဩဂုတ်လ ၂၃ ရက် တနင်္ဂနွေနေ့ မှ ဩဂုတ်လ ၃၀ရက် တနင်္ဂနွေနေ့ အထိ*

မနက်မေတ္တာဆိုပြီး သမ္မာကျမ်းစာကိုကမ္ဘာ့ဌာန်းထောက်ရှုခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို နိုင်ငံအသီးသီးမှလူများ ပါဝင်ဦးဆောင်ပါမည်။ အဖွဲ့ငယ်များဖြင့် အပြန်အလှန်ဝေမျှခြင်း၊ လက်တွေ့လုပ်ဆောင်နိုင်သော ဆုံးဖြတ်ချက်များ အတွက်ပြန်လည်သုံးသပ်ခြင်း အစီအစဉ်များ။

## *ဥရောပနိုင်ငံများရှိ အရွယ်ရောက်လူငယ်များ တွေ့ဆုံခြင်း အစီအစဉ်*

*ဒီဇင်ဘာလ ၂၈ ရက် ၂၀၂၀ တနင်္လာနေ့ မှ ဇန်နဝါရီလ ၁ ရက် ၂၀၂၁ သောကြာနေ့ အထိ*

၄၃ကြိမ်မြောက်ဥရောပတိုက်သားများတွေ့ဆုံခြင်းအစီအစဉ်ပြုလုပ်မည့်နေရာကို ပေါ်ရိုတော်မြို့တွင်ကြေငြာပါမည်။

## *သခင်ခရစ်တော် သက်ရှိထင်ရှားစဉ်က နေထိုင်ခဲ့သော သန့်ရှင်းသောမြေသို့ ဘုရားဖူးခရီးစဉ်*

*ဖေဖော်ဝါရီလ ၂၁ရက် တနင်္ဂနွေနေ့ မှ ဖေဖော်ဝါရီလ ၂၈ရက် တနင်္ဂနွေနေ့ ၂၀၂၁ အထိ*

သခင်ခရစ်တော် သက်ရှိထင်ရှားစဉ်ကနေထိုင်ခဲ့သော သန့်ရှင်းသောမြေ၌နေထိုင်သူများ အထူးသဖြင့် ခရစ်ယာန်လူငယ် မောင်မယ်များ၏အသံကို နားထောင်ခြင်း အစီအစဉ်ရှိပါမည်။ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ အဖွဲ့များ၊ ဘာသာပေါင်းစုံးမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်း အစီအစဉ်များရှိပါမည်။ သခင်ခရစ်တော် သက်ရှိထင်ရှားစဉ်ကနေထိုင်ခဲ့သော သန့်ရှင်းသောမြေ ၌ အဓိကအရေးကြီးသော နေရာအချို့များ၌ သွားရောက်ဆုတောင်းခြင်း များပြုလုပ်ပါမည်။

*အထက်ပါ အစီအစဉ်များ၏ အသေးစိတ် အချက်အလက်များကို ပိုမိုသိလိုပါက၊*

www.taize.fr @taize